# ဒေဝဒတ်

ဘုရားကြီးသူ

နှင့်

အခြားဝတ္ထုတိုများ



## ထုတ်ဝေသူအမှာ

(ဆရာမ) မေမောင်နှင့် မတွေ့ဆုံဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီ။ (ဆရာမ) မေမောင်ညှော့ခံတတ်သော ဂျီးတော်ခွေးမုန့်တီသုပ်ကိုမူ သတိရနေဆဲဖြစ်ပါသည်။ "ဘုရားကြီးက မေမောင်ဖုန်းဆက်တယ်လို့ ပြောပေးပါ" ဟူသော တယ်လီဖုန်းသတင်းလက်ခံရရှိသောအခါ (ဆရာမ) မေမောင်အမျှော်လင့်ဆုံး၊ အားအရဆုံးဝတ္ထုတိုကလေးများ စုစည်းထားသည့် "ဘုရားကြီးသူနှင့် အခြားဝတ္ထုတိုများ" စာအုပ်လက်ဆောင်ပေးရင်းကြွားချင်လို့နေမှာဟု ကြည်နူးစွာတွေးမိပါသည်။

တကယ်တန်းတွေ့ဆုံဖြစ်သောအခါ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ရရှိပြီး စာမူများနှင့် ဖြစ်နေ၏ ။ စာအုပ်ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ရင်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရကြောင်း သိရှိရပါသည်။

ရိုးသားပွင့်လင်းမှုသည် (ဆရာမ) မေမောင်၏ ပင်ကိုယ်စရိုက်ဖြစ်မည်ထင်ပါသည်။ သူ၏ ဝတ္ထုတိုကလေးများသည်လည်း ဖန်တီးသူ၏ ပင်ကိုယ်စရိုက်အတိုင်းဖြစ်နေ၏ ။ မိမိနှင့်ထိတွေ့ခဲ့သူ များ၏ အတွင်းအဇ္ဈတ္တသဏ္ဌာန်ကို စူးရှစွာရှုမြင်ခံစားတင်ပြထားဟန်တူပေသည်။

စာဖတ်သူများထိတွေ့နေရသည့် ဝန်းကျင်အသိုင်းအဝိုင်းများတွင်လည်း (ဆရာမ) မေမောင်၏ ဇာတ်ကောင်အရိပ်သဏ္ဌာန်များ လွှမ်းမိုးနေဆဲဖြစ်ကြောင်း ခံစားကြရသည်ဆိုလျှင်ပင် ဤစာအုပ်အမြန်ဆုံးထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ကြိုးပမ်းရကျိုးနပ်သည်ဟု ခံယူပါသည်။

**ပိတောက်မင်းစာအုပ်တိုက်**

*

# မေမောင်ရဲ့ဂတ္ထုတိုကလေးများ

မေမောင်က သူ့ဂတ္ထုတိုကလေးတွေ စုပေါင်းရိုက်နှိပ်မယ့် စာအုပ်ကလေးမှာ အမေရေးပေးတဲ့ အမှေ့အမှာလိုချင်သတဲ့။ ပြီးတော့ သူ့ဂတ္ထုတိုကလေးတွေပါတဲ့ မဂ္ဂဇင်းလေးတွေ ထပ်ဖတ်ဖို့ ယူလာပေးပါတယ်။

ဂတ္ထုတိုရေးကြရာမှာ ကိုယ့်ရင်ထဲကခံစားရတာ ကလေးတွေကိုရေးကြတော့ မေမောင်က မန္တလေးသူကလေးမဟုတ်လား။ မန္တလေးသူမှ မြန်မာနိုင်ငံအရပ်ရပ်က နေ့စဉ်နေ့တိုင်း လာရောက်ဖူးမျှော် ဝင်ထွက်နေကြတဲ့ မဟာမုနိဘုရားကြီး စောင်းတန်းထဲမှာ နေ့တိုင်းရှိတဲ့ မန္တလေးသူမိန်းကလေး။ ဒါကြောင့် ကျောင်းကထွက် စာတွေဖတ် စိတ်ကူးပြီးတော့ စာတွေရေးတဲ့ မိန်းကလေးမျိုးမဟုတ်ဘူး။ လူမျိုးတစ်ရာ့တစ်ပါးနဲ့ နေ့တိုင်း ဆုံတွေ့ပြောဆို ဆက်ဆံနေတဲ့ မိန်းကလေး။ ပြီးတော့မှ အဲဒီ နေ့စဉ် နေ့စဉ် တွေ့ရကြုံရ ဆုံရ မြင်ရ ကြားရတာ တွေထဲက သူ့ရင်ထဲထိထိခိုက်ခိုက် ရှိတာကလေးတွေကို ရေးဖွဲ့တဲ့ မိန်းကလေးပါ။

မေမောင့်မှာ ဟာသရှိပါတယ်။ သူ့စာလေးတွေမှာ ဟာသပါတယ်။ ဟာသဆိုတာ စာမှာရှင်တယ်။ ဖတ်ရတဲ့လူ ပေါ့ပါးတယ်။ ခံရတဲ့သူ ခံသာတယ်။ ဒါပေမယ့် ဟာသကို လုပ်ယူလို့မရဘူး။ ပင်ကိုယ်ကရှိမှ ဟာသဖြစ်ပါတယ်။ မေမောင့်ရဲ့ အရေးအသားမှာ ဟာသလေးတွေ တွေ့ရတော့ အမေကဂမ်းသာတယ်။

သူ့အရေးအသား သူ့ဂတ္ထုတိုကလေးတွေထဲမှာ မန္တလေးသူ စစ်စစ်ဆိုတော့ မန္တလေးခံစားမှု တွေကတော့ အပုဒ်တိုင်းမှာတွေ့ရသလိုပါပဲ။ မန္တလေးမှာ မီးပျက်ပုံက ပြောမယုံ ကြုံဖူးမှသိမယ် ဆိုတာမျိုး။

ပြီးခဲ့တဲ့နှစ်လလောက်ကတော့ မီးပျက်သက်သာသွားတယ်။ ဒါကြောင့် တော်ပါသေးရဲ့လို့ ဟင်းချမယ် အောက်မေ့လိုက်ပါတယ်။ ဖေဖော်ဝါရီလထဲရောက်တော့ မီးက ပြန်ပျက်လာပြန်ရော။ ဒါကြောင့် နွေရောက်ရင် မီးအသုံးက သိပ်များကြတော့မှာမို့ စလာတဲ့ မီးပျက်ကို ကြောက်နေကြတယ်။ မမောင်က မန္တလေးဂျာနယ်မှာ ရတနာပုံမြို့သူဆိုပြီး မန္တလေး လျှပ်စစ်မီးပျက်ပုံကို ဖွဲ့တယ်လေ။

ပြီးတော့ မမောင်ဖွဲ့တဲ့ အချစ်အကြောင်းကလည်း အမေ့အနေနဲ့ သတိမထားမိဘဲမနေနိုင်ဘူး။ ဘာလို့လဲဆိုတော့ မမောင်ဟာ မိန်းကလေးလား၊ ယောကျ်ားစိတ် ဝင်နေတဲ့ ယောကျ်ား မိန်းမလား ဘာလား အမေက သိပ်ခွဲနိုင်တာမဟုတ်လို့ပါ။ သူဖွဲ့တဲ့ အချစ်အကြောင်းကလည်း သူ့အသွင်အပြင် သူ့ရုပ် သူ့ရည်နဲ့လိုက်ပါတယ်။ သူ့ကလောင်နာမည်ကို က မိန်းမနဲ့ယောကျ်ား တွဲနေတဲ့ ကလောင်နာမည်။ လူနဲ့စိတ်နဲ့ လိုက်ဖက်တဲ့ နာမည်မျိုးမို့ ရွေးလေသလား မသိပါဘူး။

ဘာပဲဖြစ်ဖြစ် မမောင်ရေးတဲ့ ဝတ္ထုလေးတွေက မန္တလေးသူ မန္တလေးသားရဲ့ ခံစားချက်တော့ ပါတာချည်းပါပဲ။

သူ့အလုပ်က ဈေးဆိုင်ရောင်းတဲ့ ဆိုင်ရှင်မ၊ ဒါကြောင့် လူပေါင်းများစွာနဲ့နေ့တိုင်းဆက်ဆံ ရတယ်။ လူပေါင်းစုံကိုမြင်တွေ့ရတဲ့ မိန်းကလေး။ အဲဒီ ဘဝကနေပြီး သူရေးတဲ့စာလေးတွေက သူပိုင်မှုကလေး သူပိုင်ဟန်ကလေးနဲ့ ရေးလာတာကိုတွေ့လာရတယ်။

သူပိုင်မှုဆိုတာနဲ့ပတ်သက်ပြီး အမေတို့မန္တလေးမှာ မိန်းကလေးစာရေးဆရာမလေးတွေ အုပ်စုလိုက် ဒီနှစ်ဆယ်ရာစုမတိုင်မီအတွင်းက ပေါ်ထွက်လာခဲ့တယ်။ အဲဒီ အုပ်စုမှာ (၁) မဝင့် (မြစ်ငယ်)၊ (၂) ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ (၃) မကိုနဲ့ (၄) မမောင်တို့က တစ်တွဲတွဲနေတဲ့ မိန်းကလေး လေးယောက်။ အမေ့ဆီလာကြရင်လည်း သူတို့တစ်နေရာမှာ တွေ့ဆုံပြီးမှ အမေ့အိမ်

ကိုအတူလာကြတာ။ သူတို့လေးယောက်ဟာ ကိုယ်ရေးတဲ့စာကို မဂ္ဂဇင်းတိုက်တွေ မပို့ခင် အချင်းချင်း အဖတ်ခိုင်းတယ်။ အဝေဖန်ခိုင်းတယ်။ ပြင်စရာရှိရင် ပြင်ခိုင်းတယ်တဲ့။ ရင်းနှီးကျွမ်းဝင်မှု တော်တော်ရှိကြတဲ့ပုံပါပဲ။ ဒါပေမယ့် သူတို့စာကလေးတွေ ထွက်လာတဲ့အခါ အားလုံး ကိုယ်ပိုင် အတွေး ကိုယ်ပိုင်အရေးနဲ့တကွ ကိုယ်ပိုင်ဟန်ကလေးတွေနဲ့ ထွက်လာပါတယ်။ သူတို့စာရေးသက် ဟာ သိပ်ကြာလှသေးတာ မဟုတ်ပါဘူး။ နို့ပေမယ့် အားလုံး ကိုယ်ပိုင်ဟန်ကလေးတွေ ရှိကြပါတယ်။ ဒါဟာ ထူးခြားတဲ့ ပါရမီရှိသူလေးတွေဆိုတာ ပြနေပါတယ်။

မမောင်က သူ့ဝတ္ထုကလေးတွေကို ပထမအကြိမ်စုစည်းထုတ်ဝေမှာဖြစ်သတဲ့။ အရေးက မပြတ်ရေးနေတာ ဖြစ်လေတော့ ခု တစ်အုပ်ထွက်ပြီးရင် မကြာလှခင်မှာပဲ ထပ်ပြီး တစ်အုပ်ထွက်နိုင်မယ်ထင်ပါတယ်။ အမေက ပန်းတိုင်းပွင့်စေချင်တယ်။ ပွင့်တိုင်း မွေးစေချင်တယ်။

**အမေ လူထုဒေါ်အမာ**

*

အမေ့စကား

သမီးကြီး

စာတွေ အများကြီး မရေးပါနဲ့

စာတွေ အများကြီး မဖတ်ပါနဲ့

ငါ့သမီး မျက်စိပျက်မယ်။ ။

**မိခင် ဒေါ်တင်မေ**

* * *

## ဖေဖေ့စကား

‘ဖေဖေ ကျွန်တော့် ဝတ္ထုတိုပေါင်းချုပ် စာအုပ်လုပ်မလို့’

‘ဟေ ဘာလုပ်ဖို့လဲ၊ ဓမ္မဒါနေဝေချင်လို့လား၊ ဒါဆိုလည်း ငါ့သမီးရယ် လယ်တီဆရာတော် ဘုရားကြီးရဲ့ မဟာသရဏဂုဏ်တော်ကြီးတို့၊ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာသုတ္တံလာ မေတ္တာပို့နည်း (၁၁) နည်းတို့ စာအုပ်တွေရှိသားပဲ’

ကျွန်တော်က သမီးကိုနောက်ပြောင်ပြောတာပဲဖြစ်ပါတယ်။ ပြောနေသံတော့ကြားပါတယ်။ သူရေးသောဝတ္ထုများ အပုဒ်ပေါင်း ၅ဂ ကျော်၊ ၆ဂ လောက်ရှိပြီတဲ့။ သူများလုပ်သလို လုပ်ချင်လို့ပါ တော့။ အဲဒါ ဖေဖေအမှာစာတစ်ပုဒ်ရေးပေးပါတဲ့။ ဖေဖေရေးချင်တာ ရေးပါ၊ ကိုယ့်သမီးကိုယ် မြှောက်ပင့်တော့မရေးပါနဲ့၊ ရယ်စရာဖြစ်နေပါဦးမယ်တဲ့။

‘ရယ်စရာရေးတာလည်း လွယ်လွယ်မထင်နဲ့ ငါ့သမီး၊ အဲဒါပညာ။ ဆရာကြီး (ဇဂနဲ၊ သာဂဒိုး၊ သော်တာဆွေ အစရှိသည်) တွေ ရေးတဲ့ ဟာသဝတ္ထုတွေကို ဖေဖေသိပ်သဘောကျတယ်။ အေးလေ ရေးပေးမယ်။

ကိုယ်မကျွမ်းကျင်တဲ့အလုပ်၊ မလုပ်ဖူးတဲ့အလုပ်၊ စိတ်မဝင်စားတဲ့အလုပ်ကို လုပ်ဖို့ဆိုတာလည်း မလွယ်လှပါ။ နာမည်ကြီးဝါရင့် သက်ကြီးဝါကြီး စာရေးဆရာ ဆရာမကြီးများ အား အမှာစာရေးပေးရန် အကူအညီတောင်း၍ ရနိုင်သော်လည်း ဖေဖေကိုယ်တိုင်ရေးပေးပါလို့ သမီးစိတ်ကူးရတာ ဟာလည်း အသစ်အဆန်းထွင်ချင်တဲ့ သမီးရဲ့ ဝါသနာဗီဇနဲ့ တူပါရဲ့။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ စာပေကျမ်းဂန်တွေမှာ နိယာမငါးမျိုးဆိုတာ ဖတ်ဖူးပါတယ်။

(၁) ဥတုနိယာမ

(၂) ဗီဇနိယာမ

(၃) ကမ္မနိယာမ

(၄) စိတ္တနိယာမ

(၅) ဓမ္မနိယာမ

ဥတုနိယာမ ဆိုသည်မှာ သူ့အချိန်ကျလျှင် လေမုန်တိုင်းကျခြင်း၊ မိုးရွာခြင်း၊ ဆီးနှင်းကျခြင်း၊ ပူရခြင်း၊ အေးခြင်း၊ ပန်းများ ဥတုကိုမှီ၍ ရာသီအလိုက် တစ်ညီတည်းဖူးပွင့်ကြခြင်း။

ဗီဇနိယာမ ဆိုသည်မှာ နွယ်ပင်များ စိတ်ရှိသကဲ့သို့ သစ်ပင်ရှိရာ နွယ်၍ တက်ခြင်း။ မျိုးစေ့ အလိုက် စပ်ခြင်း၊ ခါးခြင်း၊ ချိုခြင်း၊ ချဉ်ခြင်း စသည်ဖြင့် မည်သူမှုမလုပ်ဘဲ အစဉ်ဖြစ်နေခြင်း။

ကမ္မနိယာမ ဆိုသည်မှာ မကောင်းမှုကံကြောင့် ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပေါ်ခြင်း၊ ကောင်းမှု ကံကြောင့် သုဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပေါ်ခြင်း စသည်ဖြင့် ကံကို အစွဲပြု၍ ဖြစ်ပေါ်ခြင်း။

စိတ္တနိယာမ ဆိုသည်မှာ စုတိစိတ်ဖြစ်ပြီးလျှင် ပဋိသန္ဓေစိတ်ဖြစ်ခြင်း၊ ဘဝင်စိတ်ဖြစ်ခြင်း၊ အာဝဇ္ဇန်းစိတ်၊ ဇောစိတ် စသည်ဖြင့် စိတ်အလျဉ်မပြတ်အောင် အစဉ်ဖြစ်နေခြင်း။

ဓမ္မနိယာမ ဆိုသည်မှာ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို အာရုံပြု၍ ထိတွေ့လိုက်ရလျှင် အဝိဇ္ဇာစသော ကိလေသာတရားများ ခန်းခြောက်စေခြင်း၊ ဘုရားအလောင်းတော်များ ပဋိသန္ဓေနေ လျှင် မဟာပထဝီမြေကြီး

ပြင်းစွာတုန်လှုပ်ခြင်း စသည်။

ပြောလိုတာက ‘မေမောင်’ လို့ ဖြစ်လာတဲ့ သမီး၏ ဗီဇနိယာမအကြောင်း။ လောကဝေါဟာရ မျိုးရိုးဗီဇလို့ ပြောဆိုကြတယ်။ စာရေးဆရာမမေမောင်ဖြစ်ရခြင်းအကြောင်း၊ ပြီးတော့ သူ့အဘိုး (ကျွန်တော့်ဖခင်ကြီး) ကျောင်းဒါယကာကြီး ဦးဘကလေးရဲ့ ဗီဇနိယာမပေါ့။ သူ့အဘိုးက ဂတ္တုရေးတာတော့မဟုတ်ပါ။ ကာတွန်းဆရာကြီး ဦးဘကလေးလည်း မဟုတ်ပါ။ တေးထပ်၊ ဒွေးချိုး၊ ရတု စသည်တို့ကို ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူပွဲများအတွက် ရေးပေးတယ်။ လောကုတ္တရာ စာပေကျမ်းဂန်များကို အထူးလေ့လာလိုက်စားတယ်။ မေမောင်က သူ့မြေး၊ သူ့မျိုးဆက်၊ သူ့ဗီဇကို ဆက်ခံသူပေါ့။

‘မေမောင်’ ရယ်လို့ဖြစ်လာတာ မိဘဘက်က ဂမ်းသာဂုဏ်ယူစရာတော့မှန်ပါတယ်။ ယခုခေတ်မှာ လူတိုင်း စီးပွားရေးတိုးတက်အောင် အပြိုင်အဆိုင်လုပ်နေကြတဲ့အချိန်မှာ အိမ်မှာ မိဘပျိုးထောင်ထားတဲ့ ဒဂုံမန်းစတိုး၊ ဘုရားကြီးအရှေ့စောင်းတန်းမှာရှိနေတဲ့ ဆိုင်ခန်းနှစ်ခန်း။ ဒါတွေကို တိုးတက်အောင် ပြုလုပ်ဖို့ သမီးကြီးမှာ တာဝန်ရှိတယ်။ ခေတ်ပညာတတ် ဘီကွမ်းဘွဲ့လည်းရယူထားတယ်။ စီးပွားရေးကိုသင့်သလောက်တော့လုပ်ပါတယ်။ ဒါပေမယ့် စီးပွားရေးနဲ့ စာပေယှဉ်ရင် စာပေကိစ္စကိုပဲ ဦးစားပေးတယ်။ စီးပွားရေးကို ဥပေက္ခာပြု လျစ်လျူရှု နိုင်တယ်။

ဆိုတော့ . . . မိဘကလည်း သမီးရယ် စာမရေးပါနဲ့၊ စီးပွားရေးပဲ ကြိုးစားပါလို့လည်း မတိုက်တွန်းလိုပါ။ မေမောင်ကို ဥပေက္ခာပြု လျစ်လျူရှုခြင်းသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

သို့ရကား စာရေးဆရာမ မေမောင် အစထား၍ လုံးစုံများစွာ သတ္တဝါအပေါင်းတို့သည် သဗ္ဗေ သတ္တာ ကမ္မသကာဟူ၍ ။

**ဖခင် ဦးကြည်မောင်**

*